Myanmar Garment Manufacturers Association

# NEWSLETTER

OCTOBER 2023, ISSUE

## လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ လာမည့် AFTEX အစည်းအဝေးနှင့်ပတ်သက်သည့် Agenda နှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်း လေးသင်း၏ ထောက်ခံချက်များအတွက် အသင်းလေးသင်းသို့ ဆက်သွယ်ရန်အချက်အလက်များ၊ ..........

စာ - ၄

---

## Bengal Chamber of Commerce & Industry and GS Marketing Associates မှ တာဝန်ရှိသူများ MGMA သို့လာရောက်တွေ့ဆုံ



စာ - ၂

**Grievance Mechanism by MGMA**

# မာတိကာ

**Activities and News** **Page**


Bengal Chamber of Commerce & Industry and GS Marketing Associates မှတာဝန်ရှိသူများ MGMA သို့လာရောက်တွေ့ဆုံ ........ ၂

Grievance Mechanism ........ ၃

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........ ၄

NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း........ ၅

Industrial Engineering Training (Batch – 77) ........ ၆-၇

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၄-၂၅) ........ ၈-၉

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၆ ) ........ ၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၇ ) ........ ၁၁

အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) ........ ၁၂


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 26 & 27 | November $14^{th}$ – $24^{th}$ | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch – 229) | TBA | MGHRDC |

## Membership Update


New Member in October 2023 ........ ၁၃

Membership update as of October 2023 ........ ၁၃

## Bengal Chamber of Commerce & Industry and GS Marketing Associates မှတာဝန်ရှိသူများ MGMA သို့လာရောက်တွေ့ဆုံ



Bengal Chamber of Commerce & Industry and GS Marketing Associates မှတာဝန်ရှိသူများ MGMA သို့၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် MGMA အစည်းအဝေးခန်း၌လာရောက်တွေ့ဆုံခဲ့ကြသည်။ အစည်းအဝေးတွင် MGMA ၏မန်နေဂျင်းဒါရိုက်တာ နှင့် Bengal Chamber of Commerce & Industry and GS Marketing Associates မှတာဝန်ရှိသူတို့မှ India International Mega Trade Fair (IIMTF) 2023-2024 ဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံသို့ Made in Myanmar ကုန်ပစ္စည်းများ တင်သွင်းနိုင်ရေးနှင့် ပြပွဲတွင် IIMTF နှင့် MGMA ၏ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံကို မီးမောင်းထိုးပြသည့်နိုင်ငံအဖြစ် ဖြစ်လာစေရန်ကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ မန်နေဂျင်းဒါရိုက်တာ နှင့် Bengal Chamber of Commerce & Industry and GS Marketing Associates တို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။



# Grievance Mechanism

**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ Grievance Mechanism အကြောင်းမိတ်ဆက်ပေးချင်ပါတယ်။**

**MGMA ရဲ့ Grievance Mechanism ဟာအသင်းဝင်စက်ရုံတွေမှာ အလုပ်လုပ်ကြတဲ့ အလုပ်သမားတွေအနေနဲ့ ၎င်းတို့ရဲ့နှစ်နာမှု (သို့မဟုတ်) မကျေနပ်ချက်တွေကို MGMA အသင်းဆီ အလွယ်တကူတိုင်ကြားနိုင်အောင် လုပ်ပေးထားတဲ့ Website စာမျက်နှာ တစ်ခုပဲ ဖြစ်ပါတယ်။**

**နစ်နာမှုတိုင်တန်းလိုတဲ့အလုပ်သမားဟာ [c.mgma-vlca.com](c.mgma-vlca.com) ကိုသွားပြီး (သို့မဟုတ်) QR Code ကိုဖတ်ပြီး MGMA အသင်းဆီ အလွယ်တကူတိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက်လက်ခံရရှိတဲ့အခါ အသင်းရဲ့ အလုပ်သမားရေးရာ အရာရှိတွေက လိုအပ်သလို ဆက်သွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

**ဒီနေရာမှာ တိုင်ကြားသူအမည်နဲ့ ကိုယ်ရေးအချက်အလက်တွေကို လျှို့ဝှက်ပေးထားဖို့ အသင်းကြီးက အာမခံထားပါတယ်။**

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ လာမည့် AFTEX အစည်းအဝေးနှင့် ပတ်သက်သည့် Agenda နှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်း လေးသင်း၏ ထောက်ခံချက်များအတွက် အသင်းလေးသင်းသို့ ဆက်သွယ်ရန်အချက်အလက်များ၊ STAR Network (Sustainable Textile of the Asian Region) တွင် အသင်းဝင်ရောက်ရေး နှင့် ကျခံမည့် အသင်းဝင်ကြေး၊ VLCA အစီရင်ခံစာနှင့် ၂၀၂၃ ခုနှစ်တွင်အဆင့်မြှင့်တင်မှုအခြေအနေနှင့် ၂၀၂၄ ခုနှစ်အတွက် ချမှတ်ထားသော အစီအစဉ်များဆိုင်ရာ ကိစ္စရပ်များ၊ 5th New Members' orientation ကျင်းပနိုင်ရေး၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ၏ KG Update List နှင့် အွန်လိုင်းလိုင်စင်များ လျှောက်ထားမှုအခြေအနေ၊ MGMA အဖွဲ့ဝင်စက်ရုံများအားပေးမည့် 6S & Kaizen Training workshop (2-3 Days) နှင့် ၂၀၂၄ ခုနှစ် တွင် သင်ကြားမည့် Soft Skill Training များနှင့် employer package သင်တန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ ကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဌ၊ ဒုဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။







# NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း

NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နှင့် ၂၂ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ MGHRDC ၌ပြုလုပ်သည်။

NSSA accessor team မှ အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်များတွင် ဗဟုသုတဆိုင်ရာများကို သင်ကြားပေးခဲ့ပြီး လက်တွေ့စစ်ဆေးခြင်းကို အောက်တိုဘာလ ၂၁ ရက်နှင့် ၂၂ ရက်များတွင် ပြုလုပ်ခဲ့သည်။ စစ်ဆေးရာတွင် စုစုပေါင်း သင်တန်းသား ၂၂ ယောက်အား Single Needle Machine နှင့် Special Machines (၉) မျိုး တို့နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာ စစ်ဆေးခြင်းများနှင့် လက်တွေ့လုပ်ဆောင်ခြင်း တို့ကိုပြုလုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများ ကိုပြုလုပ်ပေးခြင်းဖြစ်သည်။



NSSA Accessor Team and Candidates



Knowledge Test



Accessor conducting the training



Practical Test



Practical Test



Practical Test

# Industrial Engineering Training (Batch – 77)



Batch – 77 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၇) ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်မှ မှ အောက်တိုဘာလ ၁၀ ရက်နေ့ထိ မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့်သင်ကြားပေးခဲ့သည်။ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Star Sandar Garment & General Trading Co-op Society Ltd တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိလာသောအချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည်ပြုလုပ်ခဲ့သည်။ သင်တန်းနောက်ဆုံးနေ့တွင် MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်မှ သင်တန်းပြီးဆုံးကြောင်း အပိတ်အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၁) ယောက်တက်ရောက်ခဲ့သည်။





MGHRDC Trainers presenting Industrial Engineering



Group Presentation



Factory Study Tour



Group Presentation



EC of MGMA U Ye Khant giving closing remarks



Awarding Certificate



Awarding Certificate

## စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၄-၂၅)



Batch – 24 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၄-၂၅) ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် နှင့် ၂၀ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 25 Group Photo

အဆိုပါသင်တန်းသည် MGMA ၏စည်းမျဉ်းစည်းကမ်းများအရ မဖြစ်မနေတက်ရောက်သင့်သည့်သင်တန်း ဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၄၁) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၆၇) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ် ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။



Senior Labor Officer of MGMA presenting Labor Law Awareness



Q & A and Discussion Session



Senior Labor Officer of MGMA presenting Labor Law Awareness



Q & A and Discussion Session

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၆ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၆) ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် မှ အောက်တိုဘာလ ၆ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၃၃) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့သည်။



Trainer of MGHRDC giving training method



MGMA conducting Labour Law Awareness



Practice Session



Trainer of MGHRDC giving training method



Trainer of MGHRDC giving training method



Giving Certificates

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၇ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၇) ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်မှ ၂၇ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၁၇) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့သည်။



Batch – 227 Group Photo



Trainer of MGHRDC giving training method



MGMA conducting Labour Law Awareness



Practice Session



Trainer of MGHRDC giving training method



Giving Certificates

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် အသင်းဝင်စက်ရုံ ၂ ရုံအားသွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါစက်ရုံ များမှာ Xinda Home Textile (Myanmar) Co.,Ltd and Myanmar Gigi Leather Goods Manufactory Co.,Ltd တို့ဖြစ်သည်။ Xinda Home Textile (Myanmar) Co.,Ltd သို့ အောက်တိုဘာလ ၁၆ ရက်တွင်လည်းကောင်း၊ Myanmar Gigi Leather Goods Manufactory Co.,Ltd သို့ အောက်တိုဘာလ ၁၇ ရက်တွင်လည်းကောင်း၊ MGMA ၏ Senior Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊ မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။

Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်း အကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ် စစ်ဆေးခြင်း အစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။




Myanmar Gigi Leather Goods Manufactory Co.,Ltd





Xinda Home Textile (Myanmar) Co.,Ltd

# UPCOMING ACTIVITIES

| . | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 26 & 27 | November 14th – 24th | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch – 229) | TBA | MGHRDC |

# MEMBERSHIP UPDATE

New Members in October 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 2 |
| Total | 2 |

Membership Update as of October 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 59 |
| | China | 305 |
| | Korea | 54 |
| | Japan | 19 |
| | Others | 20 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 43 |
| Total (Active) | | 529 |
| Closed, Non - Active | | 292 |
| Grand Total | | 821 |